EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
9 Boulevard General Wahis, 1030 Brussels
Tel. 02 701 9380, Fax 02 705 5048
Email: mebrussels@skynet.be

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် အသိပေးကြေညာချက်(၁)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့အနေဖြင့် ဘယ်လ်ဂျီယံနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ လူဇင်ဘတ်နိုင်ငံနှင့် ခရိုအေးရှားနိုင်ငံတို့တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ဖြည့်စွက်ရန်လိုအပ်သည့် ကြိုတင်ဆန္ဒမဲပေးခွင့် တောင်းခံလွှာ ပုံစံ(၁၅)များကို မကြာမီကာလအတွင်း ဖြန့်ဝေသွားရန်ရှိပြီး၊ ပြန်လည်လက်ခံရရှိသည့် ပြည့်စုံစွာ ဖြည့်စွက်ထားသော ပုံစံ(၁၅)များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ဆက်လက်ပေးပို့သွားရန်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့အနေဖြင့် ယင်းနိုင်ငံများတွင် ရောက်ရှိနေသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများ အဆင်ပြေချောမွေ့စွာ စနစ်တကျ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် မဲဆန္ဒရှင်များ၏ အချက်အလက်များအား ပူးတွဲပါပုံစံ၌ ဖြည့်စွက်၍ မြန်မာသံရုံး၊ ကောင်စစ်ဌာနစိတ်၏ E-mail လိပ်စာဖြစ်သည့် visa@embassyofmyanmar.be သို့ **၁၅-၇-၂၀၂၀ ရက်နေ့** နောက်ဆုံးထားပေးပို့နိုင်ပါရန်နှင့် ယခု အသိပေးကြေညာချက်အား မိမိတို့နှင့် နီးစပ်ရာ မြန်မာနိုင်ငံသားများထံသို့ ဖြန့်ဝေအသိပေးနိုင်ပါရန် မေတ္တာရပ်ခံလျက် အသိပေး အကြောင်းကြားအပ်ပါသည်-

မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့။
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
063
BRUSSELS

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးရန်ဆန္ဒရှိကြောင်း အကြောင်းကြားပေးပို့ခြင်း

ကျွန်တော်/ကျွန်မ ...................................................... သည် ဘယ်လ်ဂျီယံနိုင်ငံ/ နယ်သာလန်နိုင်ငံ/လူဇင်ဘတ်နိုင်ငံ/ခရိုအေးရှားနိုင်ငံသို့ ................................ ရက်နေ့တွင် ရောက်ရှိပါကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲကို မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့၌ ပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့်သက်ဆိုင်သော အောက်ပါအချက်အလက်များအား ကျွန်တော်/ကျွန်မ၏ မြန်မာနိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ တို့နှင့်အတူ ပူးတွဲ ပေးပို့အပ်ပါသည်-

| | |
|---|---|
| အမည် (မြန်မာဘာသာဖြင့်) | ...................................................... |
| အမည် (အင်္ဂလိပ်ဘာသာဖြင့်) | ...................................................... |
| မြန်မာနိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ...................................................... |
| မြန်မာနိုင်ငံကူးလက်မှတ်အမှတ် | ...................................................... |
| မိဘအမည် | ...................................................... |
| မြန်မာနိုင်ငံရှိ နေရပ်လိပ်စာအပြည့်အစုံ | ...................................................... |
| (တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ | ...................................................... |
| ရပ်ကွက်/ကျေးရွာအုပ်စု၊ လမ်းအမည်၊ | ...................................................... |
| အိမ်အမှတ် စသည်တို့ကို ပြည့်စုံစွာ | ...................................................... |
| ဖော်ပြပေးပါရန်။) | ...................................................... |
| လက်ရှိနိုင်ငံနေရပ်လိပ်စာ | ...................................................... |
| | ...................................................... |
| | ...................................................... |
| လက်ကိုင်ဖုန်းအမှတ် | ...................................................... |
| E-mail လိပ်စာ | ...................................................... |

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ လ ရက် (လက်မှတ်)

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
063
BRUSSELS

(မှတ်ချက်။ အမည်များ ဖြည့်စွက်ရာတွင် မြန်မာနိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် မြန်မာနိုင်ငံကူး လက်မှတ်တို့တွင် ဖော်ပြထားသည့်အတိုင်းဖြစ်ရပါမည်။)